မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်

ချောင်းကောက်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချောင်းကောက်ကျေးရွာ၊ စလင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖွန်လ

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## အပိုင်း(၁) – ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

မာတိကာ


၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား–မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ချောင်းကောက်ကျေးရွာသည် အရှေ့ဘက်တွင် အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ အနောက်ဘက်တွင် နွယ်တမယ်ရေမြောင်း၊ တောင်ဘက်တွင် စလင်းချောင်း၊ မြောက်ဘက်တွင် လူဝံကျွန်းကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ချောင်းကောက်ကျေးရွာသည် ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုမှာ ဆင်ဖြူကျွန်းမြို့နှင့်(၂)မိုင်ခန့်သာ ကွာဝေးသောကြောင့် သယ်ယူပို့ဆောင်ရေးမှာ ကုန်းလမ်းဖြစ်ပြီး သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရောင်းချရာတွင် လွယ်ကူမှုရှိပါသည်။ ချောင်းကောက်ကျေးရွာသည် ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်ရေး အတန်အသင့်ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ချောင်းကောက်ကျေးရွာ၏ ရာသီဥတုမှာ တန်ခူး၊ကဆုန်လများတွင် အလွန်ပူပြင်းပြီး နယုန်လပြည့်ကျော်မှစ၍ မိုးအသင့်အတင့်ရွာပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များ စတင်လုပ် ဆောင်သော အချိန်ကာလဖြစ်ပါသည်။အလယ်ပိုင်းဒေသဖြစ်သည့်အလျောက် ပူပြင်းသောရာသီကို အများဆုံးခံစားရပြီး မိုးအသင့်အတင့်သာ ရရှိသောဒေသ ဖြစ်ပါသည်။ချောင်းကော်ကျေးရွာသည် စပါးနှင့်ပဲမျိုးစုံ စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြပါသည်။နွယ်တမယ်-သစ်ခက်ဆည်မြောင်းမှ ပေးလွှတ်သော စိုက်ပျိုးရေကိုသာ အမှီပြု၍ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။

ချောင်းကောက်ကျေးရွာတွင် ဆည်ရေသောက်လယ်ဧက(၁၉၆)ဧကနှင့်ကိုင်းကျွန်းမြေ ဧက (၁၃၈.၅)ဧက ရှိပါသည်။ဦးပိုင်ယာမြေများကျယ်ပြန့်စွာရှိနေသည့်အတွက် ခိုင်းနွားများ၊ဆိတ်များနှင့် ဝက်များ မွေးမြူရာတွင် စားကျက်မြေအလုံအလောက်ရှိသဖြင့် စီးပွားဖြစ်မွေးမြူရေးတိုးချဲ့ရန် အလားအလာကောင်းများ ရှိပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သောကြောင့် သဘာဝပေါက်ပင်များမှာ ထောက်ကြံ့၊ အင်ကြင်း၊ထန်း၊မန်ကျည်း၊ဇီး၊တမာ၊ရှား၊ထနောင်း၊ကုက္ကိုလ်စသည့်အပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်း ခြင်း၊ထုတ်ယူသုံးစွဲမှုများသောကြောင့်သစ်တောများလည်း လျော့နည်း လာပါသည်။ထင်းအတွက် ခုတ်ယူမှုများကြောင့် သဘာဝဆေးဖက်ဝင်အပင်များလျော့နည်းလာ ပါသည်။ရွာပတ်လည်တွင် ငှက်မျိုးစုံနှင့် သမင်၊ဂျီ၊ယုန်စသည့် တိရိစ္ဆာန်များလည်း ရှားလာပါ သည်။လက်လှမ်းမီနိုင်မှု တဖြည်းဖြည်း ခက်ခဲလာပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ချောင်းကောက်ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက် နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏ လိုအပ်ချက်အရ အဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ကျေးရွာရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး အဖွဲ့၊လူမှုရေး ကဏ္ဍတွင် အရန်မီးသတ်တပ်ဖွဲ့နှင့် ဘာသာရေးကဏ္ဍတွင် ဝတ်အသင်းအဖွဲ့တို့ ရှိကြပါသည်။ ယင်းအဖွဲ့များ ဖွဲ့စည်း ထားသော်လည်း အဖွဲ့အလိုက်စီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း ၊အဖွဲ့များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့မှာ အားနည်းလျက်ရှိပါသည်။ကျေးရွာတွင် အဖွဲ့အစည်းများ အောင်မြင်ဖြစ်ထွန်းမှုရှိလာအောင် သင်တန်းများ၊ ဟောပြော ပွဲများ ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားလာမည် ဖြစ်ပါသည်။

ကျေးရွာနှင့်သက်ဆိုင်သော နိုင်ငံတော်အစိုးရလက်အောက်ရှိ ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ သမ၊ ပညာရေး၊ ကျန်းမာရေး၊ လဝက)နှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် အကူအညီများရရှိခဲ့ပါသည်။ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာ အဖွဲ့မှ အသေးစားငွေစုငွေချေးလုပ်ငန်းမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါ သည်။ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစား ပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ချောင်းကောက်ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ကြပြီး စပါးနှင့် ပဲမျိုးစုံကိုသာ စိုက်ပျိုးပြီး ဝင်ငွေအသင့်အတင့် ရရှိပါသည်။ စပါး၏ (၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၅၀)မှ(၈၀)တင်းဖြစ်ပြီး ပဲ၏ (၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၁၅)မှ(၂၀) တင်း ရရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအပြင် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြ ပါသည်။ နွားမွေးမြူသော အိမ်ထောင်စု(၉၀)အိမ်တွင် အကောင်ရေ(၂၇၄)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၂၁)အိမ်တွင် အကောင်ရေ(၂၅)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု၉၆၂)အိမ်တွင် အကောင်ရေ(၇၃၄)ကောင်၊ ဆိတ်မွေးမြူသော အိမ်ထောင်စု(၁)အိမ်တွင် အကောင်ရေ (၁၀၀)ကောင် မွေးမြူကြပါသည်။

အိမ်ထောင်စုများကို အဆင့်(၄)ဆင့် ခွဲခြားထားပါသည်။ ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆုံးဖြတ်သော ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေ သောအဆင့်မှာ (၈)အိမ်ထောင်စု ရှိပါသည်။ အလယ်အလတ်အဆင့်မှာ (၃၆)စု ရှိပါသည်။ မပြေလည်သောအဆင့်မှာ(၂၃)စု ရှိပါသည်။ အလွန်မပြေလည်သော အဆင့်မှာ(၈၇)စု ရှိပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု၊ အိမ်အမျိုးအစား၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှု၊ အိမ်မွေးတိရိစ္ဆာန်ပိုင်ဆိုင် မှုများနှင့်သာ ခွဲခြားသတ်မှတ်ထားပါသည်။ ၎င်းအပြင် ဆင်းရဲသောအိမ်ထောင်စုများမှာ မြေယာမဲ့ များဖြစ်ကြ၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားဖြင့်သာ လုပ်ကိုင်ကြရပါသည်။ မြေယာမဲ့ အိမ်ထောင်စု အရေအတွက်မှာ (၆၈)အိမ်ထောင်စုရှိကာ ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာတွင်းရှိ မြေယာမဲ့အိမ်ထောင်စုများမှာ စိုက်ပျိုးရာသီချိန်များတွင် စိုက်ပျိုးရေး လုပ်ငန်းများကို နေ့စားအလုပ် ဝင်ရောက်လုပ်ကိုင်ကြရပြီး တချို့မှာ ခေါင်းရွက်ဈေးသည် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများအဖြစ် လက်သမားလုပ်ကိုင်ခြင်း၊ အပ်ချုပ်၊ ဈေးဆိုင်ဈေးရောင်းခြင်း၊ အစိုးရဝန်ထမ်း အလုပ်တို့ကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန် အလုပ်အကိုင်ဝင်ငွေမရှိကြပါ။

## ၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ချောင်းကောက်ကျေးရွာ၏ ဈေးကွက်လက်လှမ်းမီမှုအခြေအနေမှာ ဆင်ဖြူကျွန်းမြို့ဈေး နှင့်(၂)မိုင်သာ ကွာဝေးပြီး ကုန်းလမ်းဖြင့်သာသွားလာရသဖြင့် အဆင်ပြေပါသည်။ သွားလာရေး နှင်သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး (၂၀)စီး၊ ဆိုင်ကယ် (၉၁)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ ထော်လာဂျီ(၁၅)စီးနှင့် နွားလှည်း(၂၂)စီးရှိ၍ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတို့တွင် အသုံးပြုလျက်ရှိပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးပဲ ဆိုလာအသုံးပြုသည့် အိမ်ထောင်စု(၅)အိမ်နှင့် ဒီဇယ်အင်ဂျင်အသုံးပြုသည့် အိမ်ထောင်စု(၁၄၉)အိမ်နှင့် မီးအသုံးပြုသည့် အိမ်ထောင်စု(၁၅၄)အိမ် ဖြစ်ပါသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း(၁၃၀)လုံး၊ ရေဒီယို(၇၆)လုံး၊ တီဗွီ(၄၉)လုံးနှင့် စလောင်း(၂၂)ခု ရှိပါသည်။ ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်ဖုန်းများ လက်လှမ်းမီစွာ အသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ သတင်းအချက်အ လက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက်ရှိကြပါသည်။

## ၆။ ပညာရေး

ချောင်းကောက်ကျေးတွင် စာသင်ကျောင်းမရှိသေးပါ။ ကျေးရွာနှင့် (၅)ဖာလုံခန့် ကွာဝေး သော ညောင်အင်းကျေးရွာ မူလတန်း(လွန်)ကျောင်းတွင် သွားရောက်ပညာသင်ကြား ရပါသည်။ ပရိဘောဂပစ္စည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာများလည်း ကောင်းမွန်ပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ/သားများသည် ရွာနှင့်(၂)မိုင်ဝေးသည့် ဆင်ဖြူကျွန်းမြို့ (အ.ထ.က-၁) အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းနေသူ (၄၂)ဦး၊ အလယ်တန်းကျောင်းနေသူ (၂၈)ဦး၊ အထက်တန်းကျောင်း နေသူ(၁၈)ဦး၊ တက္ကသိုလ်တက်ရောက်နေသူ(၇)ဦးရှိပါသည်။

## ၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်မာရေးဌာနခွဲရှိပါသည်။ ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာ ကြပါသည်။ အမျိုးသမီး၊ လူငယ်၊ လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသော်လည်း သက်ကြီးပိုင်းတို့တွင် သွေးတိုးရောဂါ အဖြစ်များ ကြသည်။ လွန်ခဲ့သော(၁၂)လအတွင်း (၅)နှစ်အောက် ကလေးများအတွက် အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါစသည့် ကာကွယ် ဆေးထိုးနှံမှုများပြုလုပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ကာကွယ်ဆေးနှင့် အခြားလို အပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ် လာပါကလည်း ကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးသော ဆင်ဖြူကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြပါသည်။

ကျေးရွာအတွင်းရေတွင်း(၃)တွင်း၊ အဝီစိတွင်း/စက်တပ် ပုဂ္ဂလိကပိုင်(၈)တွင်းနှင့် အဝီစိ တုံကင် ပုဂ္ဂလိကပိုင်(၄၀)တွင်းရှိသဖြင့် သောက်သုံးရေဖူလုံပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ အလုံး(၉၀)ရှိပြီး ကျန်အိမ်ထောင်စုများမှာ အိမ်သာ(၁)လုံးလျှင် နှစ်အိမ်အတူတူ အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွား တတ်သောရောဂါနှင့် ယင်ကြောင့်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ဝမ်းလျှော ရောဂါဖြစ်ပွားမှုမှာ နည်းပါးပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာနှင့်ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေများနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်း တွေ့ကြုံနေရပါသည်။

- **ရေကြီးခြင်း** – မိုးများလာလျှင် ချောင်းရေ(၄)ပေ အမြင့်အထိ တက်လာခြင်းဖြစ်ပါသည်။
- **တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်း** – တပေါင်း၊ တန်ခူးလများတွင် တိရိစ္ဆာန်များ ခွာနာ၊လျှာနာနှင့် လေးဘက်နာရောဂါဖြစ်ပွားမှုများ များပြားလာခြင်းဖြစ်ပါသည်။

## ၉။ ကျား–မ ရေးရာ

ချောင်းကောက်ကျေးရွာတွင် အိမ်ခြေ(၁၅၄)အိမ်ရှိပြီး ကျား(၂၇၄)ဦး၊ မ(၃၂၈)ဦးဖြင့် လူဦးရေ ပေါင်း(၆၀၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်ပျမ်းမျှ(၅)ဦးထက် လျော့နည်းနေပါသည်။ ကျေးရွာတွင် မြန်မာလူမျိုးများ နေထိုင် ကြကာ ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြသည်။ အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ (၄၀၈) (၇၉.၁%) ရှိပြီး အသက်(၁၅)နှစ်အောက်လူဦးရေနှင့် (၆၅)နှစ်အထက် လူဦးရေစုစုပေါင်း (၁၂၇)(၂၀.၉%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ(၇၉.၁%)ရှိသော်လည်း အလုပ်အကိုင်နှင့် ဝင်ငွေနည်းခြင်း၊ ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့် မိသားစုအများစုမှာ ဆင်းရဲသည်ကိုတွေ့ရပါသည်။

ချောင်းကောက်ကျေးရွာတွင် ကျား–မ တန်းတူအခွင့်အရေးရှိကြပြီး ကျေးရွာတွင်းရှိ စီမံ အုပ်ချုပ်မှုစနစ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသားများသာ ဦးဆောင်လေ့ရှိကြပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်းတွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများသာ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် မျိုးစေ့ချခြင်း၊ ရိတ်သိမ်းခြင်းကိစ္စများ ဆောင်ရွက်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်းစသည့် လယ်ယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ မိသားစုဆုံးဖြတ် ပိုင်ခွင့်များတွင်မူ အမျိုးသမီး များ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီးအဖွဲ့များမှ ဘာသာရေး အထိမ်းအမှတ် ယဉ်ကျေးမှုပွဲတော်များ၊ သာရေးနာရေးလုပ်ငန်းများတွင် ပူပေါင်းဆောင်ရွက် ကြပါသည်။ အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုများလည်း မရှိပါ။ လုပ်အားခသတ်မှတ်ရာတွင် အမျိုးသားလုပ်အားခမှာ အမျိုးသမီးလုပ်အားခထက် ပိုမိုများလေ့ရှိပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှာ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁၁)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ် ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင် ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ အပြည့်အဝ ရရှိရန်လိုအပ်ပါသည်။

ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်း များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ချောင်းကောက်ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား

| စဉ် | ပြဿနာအခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ မိုးရာသီတွင် သွားလာရခက်ခဲခြင်း | – မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီရေတိုက်စားမှုရှိခြင်း။<br>– စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း။ | – ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။<br>– လုပ်အားများ ထည့်ဝင်နိုင်ခြင်း။<br>– ကုန်ကြမ်းများ အလွယ်တကူ ရရှိနိုင်ခြင်း။ | – ရန်ပုံငွေမရှိခြင်း | – ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များမှ ရန်ပုံငွေရရှိအောင် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေး စီမံချက် |
| ၂ | လျှပ်စစ်မီးမရရှိသေး၍ လူနေမှုအဆင့်အတန်းနိမ့်ကျနေခြင်း | – ကျေးရွာလူထုသည် ဆင်းရဲခြင်း။ မီးသွယ်တန်းရန် မတည်ရင်းနှီးငွေ မရှိခြင်း။ | – မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်သာ ကွာဝေး၍ လက်လှမ်းမီခြင်း။<br>– ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။ | – ရန်ပုံငွေမရှိခြင်း | – ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များမှရန်ပုံငွေရရှိအောင် လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | လျှပ်စစ်မီး လင်းနိုင်ရေး စီမံချက် |
| ၃ | စိုက်ပျိုးရေမလုံလောက်ခြင်း | – ဆည်ရေမြောင်းပျက်နေခြင်း | – ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။<br>– လုပ်အားများ ထည့်ဝင်နိုင်ခြင်း။ | – ရန်ပုံငွေမရှိခြင်း။ | – ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များမှ ရန်ပုံငွေရရှိအောင် သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် ရေမြောင်းပြုပြင်ရေး စီမံချက် |

## ချောင်းကောက်ကျေးရွာ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

| စဉ် | စီမံချက် | အမှတ်ပေးသူ ၁ | အမှတ်ပေးသူ ၂ | အမှတ်ပေးသူ ၃ | အမှတ်ပေးသူ ၄ | အမှတ်ပေးသူ ၅ | အမှတ်ပေးသူ ၆ | အမှတ်ပေးသူ ၇ | အမှတ်ပေးသူ ၈ | အမှတ်ပေးသူ ၉ | အမှတ်ပေးသူ ၁၀ | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေးစီမံချက် | ၁၀ | ၉ | ၈ | ၁၀ | ၈ | ၉ | ၈ | ၉ | ၁၀ | ၉ | ၉၀ | ၁ |
| ၂ | လျှပ်စစ်မီးလင်းနိုင်ရေး စီမံချက် | ၇ | ၈ | ၇ | ၉ | ၇ | ၉ | ၈ | ၁၀ | ၈ | ၁၀ | ၈၃ | ၂ |
| ၃ | စိုက်ပျိုးရေလုံလောက်စွာရရှိရေး အတွက် ရေမြောင်းပြုပြင်ရေး စီမံချက် | ၆ | ၅ | ၇ | ၅ | ၄ | ၈ | ၆ | ၇ | ၈ | ၉ | ၆၅ | ၃ |

## ချောင်းကောက်ကျေးရွာ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့်ဇယား

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေးစီမံချက် | ၁ | √ | | | | |
| ၂ | လျှပ်စစ်မီးလင်းနိုင်ရေး စီမံချက် | ၂ | | √ | | | |
| ၃ | စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ရေမြောင်းပြုပြင်ရေး စီမံချက် | ၃ | | | √ | | |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၃ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၂ | ၁၀ | ၂၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၁ | ၄၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၀ | ၂၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၁ | ၂၇၁ | ၄၈၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၃ | ၂၀ |
| **စုစုပေါင်း** | | **၂၇၉** | **၃၂၈** | **၆၀၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၄** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ပျမ်းမျှတစ်မိသားစုလျှင် (၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ(၇၉.၁%)ရှိပြီး လူဦးရေစုစုပေါင်း၏ (၂၀.၉%)သည် မှီခိုသူများ ဖြစ်ကြသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၉၆ | သင့် | အနည်းအကျဉ်း | မြောင်း |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၁၃၈.၅ | သင့် | အနည်းအကျည်း | မြောင်း |
| စားကျက်မြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | ၃၃၄.၅ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။။** ကျေးရွာရှိ စိုက်ပျိုးမြေများသည် မြေဆီ မြေဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေဧက(၁၉၆)ဧကရှိပြီး စပါးစိုက်ပျိုးကြ ပါသည်။ ကိုင်းကျွန်းမြေဧက(၁၃၈.၅)ဧကရှိပြီး စပါး၊ပဲ စသည့် သီးနှံများကို စိုက်ပျိုးကြပါ သည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။.........................................

…………………………………………………………………………………………………..

…………………………………………………………………………………………………..

…………………………………………………………………………………………………..

…………………………………………………………………………………………………..

………………………………………………………………………………………………..

…………………………………………………………………………………………………..

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အရန်မီးသတ် | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | | ၁☐ ၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာတွင် အဖွဲ့(၃)ဖွဲ့ရှိပါသည်။ ကျေးရွာလူထု၏ သဘောတူညီမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂ဝကေနှင့် အထက် | ၅ကေ–၂ဝကေ | ၅ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | လေးပင်အိမ်ပျဉ်ကာ/သွပ်မိုး | လေးပင်အိမ်ထရံကာ/သွပ်မိုး | လေးပင်အိမ်ထရံကာ/သက္ကယ်မိုး | သုံးပင်အိမ်ထရံကာ/သက်ငယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ထော်လာဂျီ၊ နွား(၂)ရှဉ်း | နွား(၁)ရှဉ်း | မရှိ | မရှိ |
| အဓိကစီးပွားရေး | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| လုပ်ငန်း | | | | |
| **အိမ်ထောင်စု** | ၈ | ၃၆ | ၂၃ | ၈၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၈)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၆)စု၊ မပြေလည်သော အိမ်ထောင်စု(၂၃)စု၊ အလွန်မပြေလည် သော အိမ်ထောင်စု(၈၇)စု ရှိပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၇ | ၅၆.၄၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၂၃ | ၁၄.၉၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၀ | ၁၂.၉၉ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၁၉ | ၁၂.၃၄ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၅ | ၃.၂၅ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၁၅၄ | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃)

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၅၄)အိမ် ထောင်စု ရှိပါသည်။ ဆင်းရဲသားတောင်သူများနှင့် မြေယာမဲ့အိမ်ထောင်စုများမှာ လယ်ယာလုပ်ငန်းခွင်တွင် လည်းကောင်း၊ လက်သမား၊ ကျပန်းနေ့စားများအဖြစ်လည်းကောင်း လုပ်ကိုင်ကြပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁၅၀ | တင်း | ၅၀ | ၈၀ | ၆၅ | သင့် |
| ပဲမျိုးစုံ | ၉၆ | တင်း | ၁၅ | ၂၀ | ၂၀ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါး၊ နှမ်း၊ ပဲ စသည်တို့ကို အဓိကစိုက်ပျိုးကြပါသည်။

### (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉၀ | ၂၇၄ |
| နို့စားနွား | | |
| ကျွဲ | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၁ | ၁၀၀ |
| သိုး | | |
| ဝက် | ၂၁ | ၂၅ |
| ကြက် | ၆၂ | ၇၃၄ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နွား၊ ဆိတ်၊ ဝက်၊ ကြက်များကို အဓိကမွေးမြူကြပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအ | ဝန်ထမ်း / အလုပ်သမား | မိသားစုဝ င် | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် |
|---|---|---|---|---|---|

| | | တွက် | အရေအတွက် | လုပ်အား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၇ | | ၇ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | ၅ | | |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | | | | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၂ | | ၂ | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | ၂ | | |
| ၁၃ | ကျန်းမာရေး | ၂ | | ၂ | |

| | | | | | |
|---|---|---|---|---|---|
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ – ၁၈ ဦး | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်းအဓိကလုပ်ကိုင်သူ –၇ဦး၊ အပ်ချုပ် – ၅ဦး၊ ပို့ဆောင်ရေးလုပ်ငန်းအဓိကလုပ်ကိုင်သူ – ၂ ဦး၊ ပညာရေးဝန်ထမ်း–၂ဦး၊ ကျန်းမာရေးဝန်ထမ်း –၂ဦး စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ✓<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ✓ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ✓ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ✓ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ် အထည်များ စသည်တို့ကို ဝယ်ယူရန် (၂)မိုင်ခန့်ကွာဝေးသည့် ဆင်ဖြူကျွန်းမြို့ဈေးသို့ သွားရောက်ဝယ် ယူရပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့် ✓ ညံ့☐ | ပွင့်လင်း ရာသီ ✓ တစ်နှစ်ပတ်လုံး ☐ | ဝ–၁ မိုင်☐ ၁–၅ မိုင် ✓ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့် ✓ ညံ့☐ | ပွင့်လင်း ရာသီ ✓ တစ်နှစ်ပတ်လုံး ☐ | ဝ–၁ မိုင် ✓ ၁–၅ မိုင်☐ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့် ✓ ညံ့☐ | ပွင့်လင်း ရာသီ ✓ တစ်နှစ်ပတ်လုံး ☐ | ဝ–၁ မိုင် ✓ ၁–၅ မိုင်☐ ၅–၁ဝ မိုင်☐ ၁ဝမိုင်အထက် ☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။ ။**မြေသားလမ်း –၁၊ ကျောက်ခင်းလမ်း –၂၊ ကျောက်ချောလမ်း –၃၊ ကွန်ကရစ်လမ်း –၄၊ ကတ္တရာလမ်း –၅

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။

## (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။……………………………………………………………

……………………………………………………………………………………………

……………………………………………………………………………………………

…………………………………………………………………………

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၀ | ၆၁ | ၃ | ၁၅ | | | ၂၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ စက်ဘီးကို အများအားဖြင့် ကျောင်းသား/သူများ ဆင်ဖြူကျွန်းမြို့ (အ.ထ.က) ကျောင်းသို့ ကျောင်းတက်ရောက်ရာတွင် အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်၊ သုံးဘီးနှင့် ထော်လာဂျီများကို အသုံးပြုကြပါသည်။

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၅ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁၄၉ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပဲ ဆိုလာနှင့် ဒီဇယ်အင်ဂျင်ကိုသာ အဓိကသုံးစွဲကြရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၃၀ | ၇၆ | ၄၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများလက်လှမ်းမီစွာ အသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ သတင်းအချက်အလက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက်ရှိကြပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၂ | ၂၀ | ၄၂ |
| အလယ်တန်း | ၁၇ | ၁၁ | ၂၈ |
| အထက်တန်း | ၈ | ၁၀ | ၁၈ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၃ | ၇ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **“ဘုန်းကြီးကျောင်းသင်ပညာရေး”** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်း(၄၂)ဦး၊ အလယ်တန်း(၂၈)ဦး၊ အထက်တန်း(၁၈)၊ တက္ကသိုလ်တက်နေသူ(၇)ဦးရှိသည့်အတွက် ပညာရေးကဏ္ဍတိုးတက်သည့် ကျေးရွာဖြစ်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန် ✓<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း ✓ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☐<br>စက်ဘီး ☐ | ခြေလျင် ✓<br>စက်ဘီး ☐ | ခြေလျင် ☐<br>စက်ဘီး ✓ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ဆိုင်ကယ် ☐ ကား ☐ | | | ဆိုင်ကယ် ☐ ကား ☐ | | | ဆိုင်ကယ် ☐ ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့ ☐ | | | ကောင်း☐သင့်☐ညံ့ ☐ | | | ကောင်း☐သင့်☐ညံ့ ☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။**ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | | | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိသေးပါ။ ကျေးရွာမှ (၅)ဖာလုံခန့်ဝေးသည့် ညောင်းအင်းမူလွန်ကျောင်းတွင် ပညာသင်ကြားပြီး အထက်တန်းကျောင်းသူ/သားများက ကျေးရွာမှ(၂)မိုင်ခန့် ဝေးသည့် ဆင်ဖြူကျွန်းမြို့(အ.ထ.က)ကျောင်းတွင် ပညာသင်ကြားရပါသည်။

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့် ✓ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သက်ကြီးပိုင်းအရွယ်များတွင်သာ သွေးတိုးရောဂါများ အဖြစ်များကြပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | **ရှိ** | **မရှိ** |
|---|---|---|---|
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၅)နှစ်အောက်ကလေးများအတွက် လစဉ်ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျှက်ရှိပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီးအကွာအဝေး (မိုင်)** | **အခန်း/ကုတင်လုံလောက်မှု** |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✓ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ✓<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အရေးပေါ်အခြေအနေနှင့် တွေ့ကြုံပါက ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော ဆင်ဖြူကျွန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၈ | ကောင်း☐ သင့် ✓ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | ၁၃ | ကောင်း☐ သင့် ✓ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | ၁၃၃ | ကောင်း☐ သင့် ✓ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်သုံးရေ လုံလောက်မှုရှိပါသည်။

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၅၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ယင်လုံအိမ်သာ(၉၁)လုံးရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာတစ်လုံးကို (၂)အိမ် အတူတူ အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါနှင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ဝမ်းလျှော ရောဂါဖြစ်ပွားမှုမှာ နည်းပါးပါသည်။

### (ဈ) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | မိုးများလာလျှင် ချောင်းရေကြီး၍ (၄)ပေ အမြင့်ထိ မြင့်တက်လာခြင်း |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၇ | လျှော | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | တပေါင်းတန်ခူးလများတွင် နွားများ ခွာနာလျှာနာနှင့် လေးဘက်နာ အဖြစ်များခြင်း |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။……………………………………………………………………

……………………………………………………………………………………………

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နီမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | နိမ့် | |

| | | |
|---|---|---|
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။……………………………………………………………………

………………………………………………………………………………………………

………………………………………………………………………………………………

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ✓ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ ပါဝင်နိုင်မှုမရှိပါ။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု ရှိပါသည်။

**ချောင်းကောက်ကျေးရွာ၊ ညောင်အင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**


| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အ | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|


| | | | | | | |
|---|---|---|---|---|---|---|
| | | | | သက် | | |
| ၁ | ဦးဇေဖြိုးအောင် | ဦးသန်းအောင် | ၈/စလန(နိုင်) ၁၁၈၆၂၁ | ၃၃ | ဥက္ကဋ္ဌ | ၀၉-၉၆၁၁၄၁၄၉၂ |
| ၂ | ဦးအောင်ချိုဝင်း | ဦးချစ် | ၈/စလန(နိုင်) ၀၄၈၈၆၃ | ၅၀ | အတွင်းရေးမှူး | ၀၉-၉၈၇၄၆၇၆၄၁ |
| ၃ | ဦးသန်းလွင်အောင် | ဦးဌေးလှိုင် | ၈/စလန(နိုင်) ၀၈၆၂၈၈ | ၃၇ | စာရင်းကိုင်-၁ | ၀၉-၇၇၉၉၈၃၂၅၉ |
| ၄ | ဒေါ်လှိုင်လှိုင်ဌေး | ဦးခင်မောင်တင့် | ၈/စလန(နိုင်) ၁၃၂၀၃၇ | ၂၉ | စာရင်းကိုင်-၂ | ၀၉-၉၇၇၆၃၃၇၀၈ |
| ၅ | ဦးကျော်လင်း | ဦးမြဝင်း | ၈/စလန(နိုင်) ၁၄၇၅၂၇ | ၃၉ | သော့ကိုင်-၁ | |
| ၆ | ဒေါ်မိုးခိုင် | ဦးတာတီး | ၈/စလန(နိုင်) ၁၃၅၉၆၈ | ၃၆ | သော့ကိုင်-၂ | ၀၉-၄၄၃၆၇၅၀၇၅ |
| ၇ | ဒေါ်သိင်္ဂီမြင့် | ဦးခင်မောင်မြင့် | ၈/စလန(နိုင်) ၁၃၅၉၆၉ | ၃၄ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၉၅၇၄၈၄၂ |
| ၈ | ဦးကျော်နိုင် | ဦးအေးချို | ၈/စလန(နိုင်) ၁၀၅၇၉၈ | ၄၅ | အဖွဲ့ဝင် | ၀၉-၄၃၀၉၁၆၉ |
| ၉ | ဦးနီ | ဦးကံဦး | ၈/စလန(နိုင်) ၁၁၅၈၇၃ | ၅၈ | အဖွဲ့ဝင် | ၀၉-၉၅၀၆၀၆၀၉၁ |
| ၁၀ | ဦးကျော်ကျော်နိုင် | ဦးသန်းညွန့် | ၈/စလန(နိုင်) ၁၈၁၁၀၄ | ၄၄ | အဖွဲ့ဝင် | ၀၉-၇၇၂၃၇၂၁၈၅ |
| ၁၁ | ဦးအောင်မြစိန် | ဦးဘအေး | ၈/စလန(နိုင်) | ၆၈ | အဖွဲ့ဝင် | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ၀၆၃၃၇၁ | | | |

**ချောင်းကောက်ကျေးရွာ ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၂၀ကေနှင့်အထက် | ၂၀ကေ-၅ကေ | ၅ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | လေးပင်အိမ်ပျဉ်ကာ၊ သွပ်မိုး | လေးပင်အိမ်ထရံကာ၊ သွပ်မိုး | လေးပင်အိမ်ထရံကာ၊ သက်ငယ်မိုး | သုံးပင်အိမ်ထရံကာ၊ သက်ငယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ ထော်လာဂျီ၊ နွား(၂)ရှဉ်း | နွား(၁)ရှဉ်း | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၈** | **၃၆** | **၂၃** | **၈၇** |





ဝေဠုဝန်ကျေးရွာ အဖွဲ့အစည်းများ ဖွဲ့စည်းထားပုံ ဗင်ပုံ

